စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသ

လဟယ်မြို့နယ်၊ လောင်ငေါက်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၇-၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လောင်ငေါက်ကျေးရွာ၊ လဟယ်မြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

မာတိကာ စာမျက်နှာ

မာတိကာ ၁-၄

စကားချီး ၅

လောင်ငေါက်ကျေးရွာသယံဇာတပြမြေပုံ ၆

ရာသီခွင်ပြ၊ ပြက္ခဒိန် ၇

ဥစ္စမနေအဆင့်သတ်မှတ်ခြင်း ၈

၁။ နိဒါန်း ၉

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ)သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၉

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၀

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု လမ်း၊ တံတား၊ ၁၂

လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(စျ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၂
အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၂
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၁၃
၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၄
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၅
၈။ ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအမံများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ စာရင်း
(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၁၇ - ၁၈
၉။ အိမ်ထောင်စု ဓန အဆင့်သတ်မှတ်ခြင်း ၁၉

အပိုင်း (ခ)

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ
ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၀
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား ၂၀-၂၂
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၂၃
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၃-၂၄
ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၂၄
ဇယား(၆) ဥစ္စာဓနအခြေအနေ ၂၄
ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နှပ်စားနိုင်သည့်အိမ်ထောင်စုများ ၂၄-၂၅
ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၂၅
ဇယား(၉) ကျေးရွာထိခိုက် သက်ရောက်လွယ်မှု အခြေအနေ ၂၅-၂၆

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၆

(၂) ကျေးရွာ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၂၇-၂၈

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၂၈-၂၉

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၂၉

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၂၉-၃၀

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း ၃၀

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၃၁

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၃၁

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၃၂

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ ၃၂-၃၃

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၃၃-၃၄

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၃၄-၃၅

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၃၅

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၃၆

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ ၃၆-၃၇

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း ၃၇

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၃၈

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၃၈

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၃၉

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၄၀

ဇယား(၃၀) မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၄၀-၄၁

ဇယား(၃၁) ကျောင်းတက်နှုန်း ၄၁

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ ၄၁-၄၂

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ ၄၂

ဇယား(၃၄) အဖြစ်များသော ရောဂါများ ၄၃

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၄၃
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၄၄
ဇယား(၃၇) သောက်သုံးရေ ရရှိနိုင်မှု ၄၄
ဇယား(၃၈) အိမ်သာအမျိုးအစား ၄၅
ဇယား(၃၉) ကျား-မရေးရာ ၄၅
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၄၅-၄၆
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၄၆
ဇယား(၄၂) ရေကြောင်းသွယ်ယူပို့ဆောင်ရေး ၄၆-၄၇
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ ၄၇
ဇယား(၄၄) လျှပ်စီးမီး ရရှိမှု အခြေအနေ ၄၇
ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ ၄၈
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၄၈
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၄၈
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ ၄၉

စကားချီး

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်တို့ကျေးရွာ၏ပထမဆုံးသော ကျေးရွာသူ၊ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ယခုစီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ယခင်အချိန်က လူထုကိုယ်တိုင် ပါဝင်ရေးဆွဲရသော စီမံကိန်းများအား ဆောင်ရွက်ခဲ့ဖူးခြင်းမရှိသော်လည်း ယခုအခါတွင်ကိုယ်ရပ်ကိုယ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုစတင်သိရှိနိုင်ပြီဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစတင်ရေးဆွဲရာ၌ မိမိတို့ကျေးရွာ၏သယံဇာတများ၊ ရာသီအလိုက်အခြေအနေများကို သိရှိရုံသာမက မိမိတို့ကျေးရွာ၏လိုအပ်ချက်များ ပြုပြင်ပြောင်းလဲရမည့်အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ကျေးရွာသူ/သားများအားလုံးတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြပြီး စီမံချက်တစ်ခုအား ရေးဆွဲနိုင်ပြီဖြစ်သည်။

၃။ ယခုရေးဆွဲထားသော စီမံချက်သည် (၅)နှစ်တာကာလအတွင်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်ရသည့်စီမံချက်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူလူထုများအားအကျိုးစီးပွားဖြစ် ထွန်းစေမည့် ကောင်းမွန်သော စီမံကိန်းတစ်ခုဖြစ်ပါသည်။

၄။ ချမှတ်ထားသောစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လိုအပ်သည့် ကိန်းဂဏာန်းအချက်အလက်များအသေးစိတ်သိရှိနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆက်လက်လမ်းညွှန်ပံ့ပိုးမှုများအား ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းရှိပြီး အပိုင်း(က)ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့်ဦးစားပေးအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) စီမံကိန်းဆိုင်ရာ အချက်အလက်ဇယားများပါဝင်ပါသည်။

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ( ) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လောင်ငေါက်ကျေးရွာ၊လဟယ်မြို့နယ်

D/2019/VDP/Mal Poke

စဉ်	အကြောင်းအရာ	ဇန်နဝါရီ	ဖေဖော်ဝါရီ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ
၁	စိုက်ပျိုးရေး					မြေပဲသိမ်း	စပါးစိုက်					စပါးဂိုတ်သိမ်း	မြေပဲစိုက်
၂	ရာသီဥတုအခြေအနေ	မျှား	နည်း					မျှား		နည်း			
၃	ကျန်းမာရေး					တုပ်ကွေး / ဌက်ဖျား / ဝမ်းပျက်ဝမ်း ရောဂါ						နှာစေး / ချောင်းဆိုး	
၄	တိရိစ္ဆာန်ကျန်းမာရေး			ဝက်နာ		ကြက်နာ							
၅	ပွဲလမ်းသဘင်	နှစ်သစ်											ခရစ္စမတ်
၆	သောက်သုံးရေရရှိမှု					နည်း			မျှား				
၇	သဘာဝဘေး			လေတိုက်									
၈	ဝင်ငွေ/ထွက်ငွေ	နည်း/နည်း	နည်း/နည်း	နည်း/နည်း	နည်း/နည်း	နည်း/နည်း	နည်း/နည်း	နည်း/နည်း	မျှား/သင့်	သင့်/နည်း	နည်း/နည်း	သင့်/နည်း	သင့်/နည်း

လောင်ငေါက်ကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

စဉ်	အကြောင်းအရာ	သတ်မှတ်စံနှုန်း			
		ချမ်းသာသော အိမ်ထောင်စု	အလယ်အလတ် အိမ်ထောင်စု	အဆင် မပြေသော အိမ်ထောင်စု	အလွန် အဆင် မပြေသော အိမ်ထောင်စု
၁	စိုက်ပျိုးမြေပိုင်ဆိုင်မှု	မြေယာမဲ့	မြေယာမဲ့	မြေယာမဲ့	မြေယာမဲ့
၂	အဓိကစီးပွားရေး	ကုန်စုံဆိုင်၊ အရောင်းအဝယ်လုပ်ငန်း	ကူတို့လုပ်ငန်း	ခေါင်းရွက် ဗျက်ထိုး၊ နေ့စား	ကျပန်း၊ အလုပ်လက်မဲ့

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြင်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

မိမိတို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ပါသည်။ စီမံချက်ပါဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိန်းဂဏန်းအချက်အလက်များပြုစုရန် အရေးကြီးကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများရရှိရန်လိုအပ်ကြောင်း သိရှိခဲ့ပါသည်။

မိမိတို့၏ စီမံချက်များအား (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များအား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း စသည်တို့၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် စီမံချက်အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏တည်နေရာ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု မြေမျက်နှာသွင်ပြင် အနေအထား

လောင်ငေါက်ကျေးရွာသည် လဟယ်မြို့၏ မြောက်ဘက်တွင်ရှိပါသည်။ ကျေးရွာသည် ကားလမ်းဘေးတွင်တည်ရှိပြီး လဟယ်မြို့မှ (၂၄)မိုင်ကျော် ကွာဝေးပြီး ဆိုင်ကယ်ဖြင့် သွားလျှင် (၂)နာရီကြာမြင့်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ တောင်ကမ်း စောင်းတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လိမ္မော်၊ ဂရိတ်ဖရု၊ ရှောက်ပန်းသီးနှင့် ပြောင်းဖူး တို့ကို စိုက်ပျိုးကြပြီး အခြားသီးနှံများကို စားသောက်ဖို့ရန် အနည်းငယ်စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ နွား၊ နွားနောက်နှင့် ကျွဲများကို တစ်ပိုင်တစ်နိုင်အနေဖြင့်သာ မွေးမြူကြပါသည်။ ဒေသ၏ တစ်နှစ်မိုးရေချိန်လက်မ (၉၀)မှ(၁၀၀) ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။လူနှင့်အိမ်မွေး တိရစ္ဆာန်များသောက်သုံးရန် အတွက် စိမ့်စမ်းရေကိုသာ အားထားရပါသည်။ စိုက်ပျိုးမြေအများစုသည် ရွှေ့ပြောင်းတောင်ယာ များဖြစ်ကြပါသည်။ ရေမြေသဘာဝ ရာသီဥတုမှာမိုးများသော ရာသီဥတုဖြစ် ပြီး လူနေအိမ်များမှာ ရုံး၊ တောထန်း၊ ဝါးများဖြင့် တည်ဆောင်ထား သည့်အတွက် မီးဘေးအန္တရာယ် ကျရောက်နိုင်သည့် အခြေအနေရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တောင်ယာမြေများသာ အသင့်အတင့် ပိုင်ဆိုင်ကြပြီး မြေဆီလွှာအသင့် အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများသည် သီးနှံ စိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး တောင်ယာစပါး၊ ပြောင်းဖူး၊ စသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၈)၊ ကျား(၉၇)ဦး၊ မ(၇၅)ဦး ရှိပြီး လူဦးရေပေါင်း (၁၆၉)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၇%) ရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် များနေသည်။ ကျေးရွာတွင် နာဂလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၉၀%)ခန့်ရှိပြီး အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုနည်းပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာ၏ဝင်ငွေရသည့်လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အများစုမှာ တောင်ယာပိုင်ဆိုင်ကြပြီး မွေးမြူရေး လုပ်ငန်းအား စီးပွားဖြစ်မဟုတ်ပဲ အိမ်စားရုံသာ မွေးမြူကြသောကြောင့် အိမ်ထောင်စုတစ်စုချင်းစီ၏ မိသားစုနှင့်စီးပွားရေး မျှတမှုမှာ လောက်ငှရုံသာရှိ၍ ပိုလျှံမှုမရှိသည့်အတွက်ပိုင်ဆိုင်မှုနှင့် မမျှတမှု တွင် အသင့်အတင့်မျှသာ ဖြစ်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်မလုပ်ကိုင်ခြင်း၊မြို့နှင့် အလှမ်းဝေး ကွာ၍ရောင်းချရန်စျေးကွက်မရှိခြင်း၊လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အခြေခံ လူနေမှုအဆင့် အတန်းများတွင် ဆင်းရဲနွမ်းပါးမှုရှိပြီးပညာရေး၊ ကျန်းမာရေး၊ အသိအမြင်များ ချို့တဲ့သည့်အတွက် ထိခိုက် လွယ်မှု အသင့်အတင့်ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာရှိ လူအများစုမှာ သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြ၍ ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ရန် ရောဂါအသည်းအသန်ဖြစ်ပါက ကျေးရွာနှင့် (၂၄)မိုင်ကျော် ကွာဝေးသော လဟယ်မြို့နယ်ရှိ မြို့နယ် ဆေးရုံတွင် သွားရောက်ကုသမှု ခံယူလျှက်ရှိပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သောကြောင့် အာဟာရပြည့်ဝမှုမှာအသင့်အတင့်ရှိပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင်အခြေခံပညာ မူလွန်ကျောင်းရှိ၍ရွာရှိကလေးများသည်စာသင်ယူကြပြီး မူလွန် အောင်မြင်ပါက အလယ်တန်းနှင့်အထက်တန်းကို လဟယ်မြို့နယ်ရှိ ကျောင်းများတွင် ဆက်လက် ပညာသင်ယူကြပါသည်။ ရွာရှိလူကြီးများသည် အတန်းပညာတတ် မြောက်မှုနည်းပါး၍ တောတောင် လုပ်ငန်းများကိုသာ ကျွမ်းကျင်ကြပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာ၏ကျားမဆိုင်ရာဆက်နွယ်မှုတွင် အမျိုးသားများသာဦးဆောင်မှုပြုပြီးအမျိုးသမီး များ၏ ပါဝင်လုပ်ဆောင်မှုသည်နည်းပါးပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေးဆိုင်ရာအဖွဲ့အစည်း၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများရှိပြီး ကျေးရွာ ရှိဖွံ့ဖြိုးရေးဆိုင်ရာများ ကောင်းမွန်လာစေရေး အစည်းအဝေးများပြုလုပ်ပြီး စီမံဆောင်ရွက် ကြပါသည်။

(ခ)သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍမှ လိမ္မော်သီး၊ ရှောက်သီး၊ သံပုရာသီးပင် ရာသီအလိုက် သီးနှံထုတ်ကုန် များအား စားသောက် ရန်ပိုလျှံသည့်အခါ ရွာနီးချင်းကျေးရွာ နှင့်လဟယ်မြို့သို့ တက်ရောက်ရောင်း ချပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေ ဖြင့် အိမ်တွင်းရိုးရာယက်ကန်းယက်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်းများတွင် နေ့စားအလုပ်သမားများ အဖြစ် လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန်နှင့် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန်အတွက် လူမှုရေးဆိုင်ရာအဖွဲ့များမှစီမံဆောင်ရွက်လျှက်ရှိသော်လည်း ပညာတတ်သူနည်းပါးပြီး လူဦးရေများပြား သည့်အတွက် စနစ်တကျဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင်သဘာဝရေ အရင်း အမြစ်အား ကောင်းမွန်စွာ ဆောင်ရွက်၍ တစ်ရွာလုံးသုံးစွဲပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ကျေးရွာသူ/သားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်၍ ပညာရေး၊ ကျန်းမာရေးများကြောင့် ငွေကြေးလိုအပ်သော်လည်း လဟယ်မြို့တွင် အစိုးရဘဏ်ရှိ၍ ချေးငှားရန် မရနိုင်ပါ။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာသင်ကြားရန် မူလွန်ကျောင်းရှိပြီး အလယ်တန်း၊ အထက်တန်းများ အတွက် လဟယ်မြို့နယ်ရှိ ကျောင်းများတွင် ပညာသင်ကြားလျှက်ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက် မှုများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများရှိပြီး အရေးကြီး လိုအပ်လာပါက ရွာနှင့်(၂၄)မိုင်းကျော် အလှမ်းဝေးသည့် လဟယ်မြို့နယ်ပြည့်သူ့ဆေးရုံးတွင် ကုသမှုခံယူနိုင်ပါသည်။ ကျေးရွာပတ်ဝန်း ကျင်သန့်ရှင်းစေရေးအတွက် ကျေးရွာသူ/သားများအား အမှိုက်များ စနစ်တကျ စွန့်ပစ်မှု ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာရှိ လူငယ်များသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး/နာရေးကိစ္စများ တွင် ပါဝင်ဆောင်ရွက်ကြပြီး မိမိတို့နာဂရိုးရာယဉ်ကျေးမှုကိုလည်း မြတ်နိုးတန်ဖိုးထားကြပါသည်။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာရှိ နေအိမ်အဆောက်အဦများသည် ပျဉ်ကာ၊ သွပ်မိုးအိမ်များနည်းပါးနေသေးသော် လည်း လက်လမ်းမှီမှုများမှာ အသင့်အတင့်ရှိပြီး ကျေးရွာသည်တောင်စောင်းတွင် တည်ရှိထားသော ကြောင့် ကျေးရွာတွင်း လမ်းများမှာ လူသွားလမ်းသာဖောက်လုပ်ထားရှိပါသည်။ ကျေးရွာရှိ ကျေးရွာသူ /သားများသည်လျှပ်စစ်ဓာတ်အားလိုင်း မရရှိသေးသော်လည်း အိမ်အနည်းငယ်တွင် မီးထွန်းရန်အတွက် တစ်အိမ်သုံး ဆိုလားများကိုသာ အဓိကအသုံးပြုကြပါသည်။ ကျေးရွာသည် သတင်းအချက် အလက်များ ရရှိရန် ဖုန်းလိုင်း၊Internetလိုင်း၊ကျေးရွာစာကြည့်တိုက်များ မရှိပါ။

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာသည် မြို့နှင့်အနည်းငယ်ဝေးကွာသော်လည်း တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူလုံခြုံရေး အနေဖြင့် မီးဘေးအန္တရာယ်သာ ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာသည် ရွှေ့ပြောင်းတောင်ယာကိုသာစိုက်ပျိုးခြင်း၊ အိမ်စားရုံသာမွေးမြူခြင်း၊ အသိ ပညာများနောက်ကျခြင်းစသည်များကို ကျော်လွှားနိုင်ပါက ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုသည် များစွာ ကောင်းလာမည်ဖြစ်ကြောင်း တွေ့ရသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာသည်ရွှေ့ပြောင်းတောင်ယာအစား လှေကားထစ်လယ်ယာသို့ပြောင်းလဲစိုက်ပျိုး နိုင်မှု မရှိခြင်း၊ မိုးများသောကြောင့် ရာသီအလိုက်သီးနှံများ မစိုက်ပျိုးနိုင်ခြင်း၊ မွေးမြူရေးအား တစ် ပိုင်တစ်နိုင်သာ မွေးမြူခြင်း၊ ကုန်ပစ္စည်းများလွယ်ကူစွာ ရောင်းချနိုင်ရန်အတွက်ကျေးရွာနှင့် တောင်ယာသည် အလွန်ဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြို့နှင့်အလှမ်းဝေးကွာခြင်း၊ စသည့် အခက်အခဲများ ရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအား မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးခြင်းဖြင့် ကောင်းမွန်လာစေရန်၊ နောင်တွင် ကျေးရွာရှိ ကျေးရွာသူ/သားများ စာတတ်မြောက်မှုများလာစေရန် အတွက် ကလေးငယ်များအား ပညာရေးတွင် ဦးစားပေးလေ့လာသင်ယူနိုင်စေခြင်းဖြင့် တိုးတက် လာစေရန်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျန်းမာရေး၊ သာရေး/နာရေးလုပ်ငန်းများအား ကျေးရွာရှိ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ပါက ကျေးရွာသည် ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ အကြံပြုချက်များရယူကာ မိမိတို့ကျေးရွာလူထုအင်အား၊ အတတ်ပညာ အားများဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်။ လူထုလုပ်အား၊ ပစ္စည်းအင်အားများကို ကျေးရွာမှ အတတ်နိုင်ဆုံး ပူးပေါင်း ကူညီဆောင်ရွက် သွားမည်။

၇။ဦးစားပေး စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ

(က) ဦးစားပေး စီမံချက်များ

စဉ်	စီမံချက်လုပ်ငန်းအမည်	အကဲဖြတ် အမှတ်ပေး သူ (၁)	အကဲဖြတ် အမှတ်ပေး သူ (၂)	အကဲဖြတ် အမှတ်ပေး သူ (၃)	အကဲဖြတ် အမှတ်ပေး သူ (၄)	အကဲဖြတ် အမှတ်ပေး သူ (၅)	အကဲဖြတ် အမှတ်ပေး သူ (၆)	စုစု ပေါင်း	အဆင့်
၁	ကျေးရွာခန်းမတည်ဆောက်ခြင်း	၁၂	၁၀	၁၁	၉	၈	၈	၅၈	၁
၂	ရေရရှိရေးဆောင်ရွက်ခြင်း	၁၀	၉	၁၀	၁၀	၈	၈	၅၅	၂
၃	မီးလင်းရေးလုပ်ငန်းဆောင် ရွက်ခြင်း၊	၁၀	၁၀	၉	၁၂	၆	၅	၅၂	၃
၄	လမ်းဖောက်လုပ်ခြင်း	၉	၉	၈	၁၀	၆	၆	၄၈	၄
၅	ပညာရေးဝန်ထမ်းအိမ်ရာတည် ဆောက်ခြင်း	၉	၈	၈	၇	၆	၅	၄၃	၅

၇။ (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

စဉ်	စီမံချက် လုပ်ငန်းအမည်	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာခန်းမတည်ဆောက်ခြင်း	၁	√				
၂	ရေရရှိရေးဆောင်ရွက်ခြင်း	၂		√			
၃	မီးလင်းရေးလုပ်ငန်းဆောင် ရွက် ခြင်း၊	၃			√		
၄	လမ်းဖောက်လုပ်ခြင်း	၄				√	
၅	ပညာရေးဝန်ထမ်းအိမ်ရာတည် ဆောက်ခြင်း	၅					√

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

လောင်ငေါက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များကို အောက်ဖော်ပြပါ (၇)ဦးဖြင့် လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းပေးခဲ့ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမွန်	၅/လဟန(နိုင်)၀၂၀၅၇၄	၃၅	ဥက္ကဋ္ဌ	-
၂	ဦးကိုင်လီ	၅/လဟန(နိုင်)၀၁၃၁၈၃	၂၂	အတွင်းရေးမှူး	
၃	ဦးထွန်း	-	၂၃	စာရင်းကိုင်	
၄	ဦးအလွန်	-	၂၉	အဖွဲ့ဝင်	
၅	ဦးပါးဟင်း	-	၂၅	အဖွဲ့ဝင်	
၆	ဒေါ်အီကွေ	၅/လဟန(နိုင်)၀၂၆၀၁၈	၂၂	အဖွဲ့ဝင်	
၇	ဒေါ်အီကွေး	-	၃၀	အဖွဲ့ဝင်	

(ခ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	အစည်းအဝေးများပြုလုပ်ခြင်း၊ အခမ်းအနားများ၊ဟောပြောပွဲများပြုလုပ်ရန်အတွက်နေရာအခက်အခဲရှိခြင်း။	ကြီးမားကျယ်ဝန်းသောအ ဆောက်အဦးမရှိသဖြင့် ဘုရားကျောင်းနှင့် စာသင်ကျောင်းများသာအစည်းအ ဝေး၊ အခမ်းအ နားစသည့်တို့ကို ပြုလုပ်ရခြင်း	ခန်းမဆောင်ဆောက်လုပ်ရန်အတွက် ရွာသူ/သားများစိတ်အားထက်သန်မှုရှိခြင်း၊ သဲကျောက် အလွယ်တကူရရှိနိုင်ခြင်း၊ မြေနေရာလွတ်ရှိခြင်း။	နည်းပညာမရှိ ခြင်း၊ ရန်ပုံငွေလုံလောက်စွာမရှိခြင်း။	ကျေးရွာမှရရှိနိုင်မည့် ပစ္စည်းများအားကြိုတင်စုဆောင်းပြီး သက်ဆိုင်ရာဌာန အထောက်အပံ့ရရှိရန်တင်ပြတောင်းခံသွားမည်။	သက်ဆိုင်ရာဌာန၏အကူအညီရရှိသည်နှင့် ကျေးရွာတွင်ရှိလုပ်သားအင်အားပစ္စည်းအင်အားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။
၂	သောက်ရေ/သုံးရေလုံလောက်စွာမရရှိခြင်း။	ကျေးရွာအတွင်းရေတွင်း၊ အဝိစီတွင်းများမရှိခြင်း။	ရေကောင်းရေသန့်များရရှိရန်အတွက် ကျေးရွာသူ/သားများစိတ်အားထက်သန်မှုရှိခြင်း၊ စိမ့်စမ်းရေသွယ်ယူရန် ရေထွက်ပင်ရင်းများရှိခြင်း၊	ရန်ပုံငွေလုံလောက်မှုမရှိခြင်း၊ နည်းပညာကျွမ်းကျင်မှုမရှိခြင်း။	သက်ဆိုင်ရာဌာနများသို့တင်ပြတောင်းခံသွားမည်ဖြစ်ပြီးကျေးရွာမှလုပ်သားအင်အားများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။	ရေကောင်းရေသန့်များရရှိရန်အတွက်လုပ် ငန်းကော်မတီဖွဲ့စည်းခြင်း၊ နတလဌာန၊ ကျေးလက်ဦးစီးဌာန သို့အစီ ရင်ခံတင်ပြလမ်းညွှန်မှုရယူခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၃	ဖယောင်းတိုင်၊ ဒီဇယ်မီးခွက်များသုံးစွဲနေရခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ကျောင်းသားသူငယ် များပညာသင်ကြားရာတွင် ခက်ခဲ	လျှပ်စစ်မီးမရရှိခြင်းကြောင့် ဖြစ်ပါသည်၊	ဆိုလာမီးများအသုံးပြုနိုင်ခြင်း၊ ဒီဇယ်သုံးအင်ဂျင်၊ (ဒိုင်နမို) များဝယ်ယူရန် လက်လှမ်းမှီမှုရှိခြင်း။	မဟာဓါတ်အားလိုင်းနှင့် အလွန်ဝေးကွာခြင်း၊နည်းပညာအားနည်း ခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊	သက်ဆိုင်ရာဌာနနှင့်ပေါင်းစပ်၍အတတ်ပညာရှင်များဖိတ်ခေါ်ဆွေးနွေးကာ ကျေးရွာရန်ပုံငွေ၊ ကျေး ရွာလုပ်အားများဖြင့် အ ကောင်အထည်ဖော်	မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ အတတ်ပညာရှင်များဖိတ်ခေါ်ဆွေးနွေးခြင်း၊ခန့် မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း၊

	နေခြင်း။				ဆောင်ရွက်သွားမည်။	ကျေး လက်ဌာနသို့ အစီရင်ခံတင်ပြခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	စိုက်ပျိုးရေးအတွက် လယ်/ယာမြေဖော်ထုတ်ရန် အခက်အခဲရှိခြင်း။	လယ်/ယာမြေပိုင်ဆိုင်မှုမရှိခြင်း။	ကျေးရွာအနီးအနား တွင် လယ်/ယာမြေဖော်ထုတ်ရန်မြေလွတ်/မြေရိုင်းများ ရှိခြင်း၊ ကျေးရွာသူ/သားများ စိတ်အားထက်သန်မှုရှိခြင်း၊လုပ်သားအင်အားရရှိနိုင်ခြင်း	လယ်/ယာမြေဖော် ထုတ်ရန် နည်းပညာနှင့် စက်ယန္တရားမရှိခြင်း၊ ရန်ပုံငွေလုံလောက်စွာမရှိခြင်း။	သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပြီးကျေးရွာမှ လုပ်သားအင်အားများဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။	သက်ဆိုင်ရာဌာနများ၏အကူအညီရရှိသည်နှင့် ကျေးရွာတွင်ရှိလုပ်သား အင်အားပစ္စည်းအင်အားဖြင့် ပူး ပေါင်းပါဝင်ဆောင်ရွက်သွားမည်။
၅	ပညာရေးဝန်ထမ်းများအတွက် နေထိုင်ရန် အဆောက်အဦ အခက်အခဲရှိခြင်း။	ပညာရေးဝန်ထမ်းအိမ်ရာမရှိခြင်း။	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ရန်မြေနေရာများရှိခြင်း၊ ကျေးရွာမှ လုပ်သားအင်အားရရှိနိုင်ခြင်း။	အဆောက်အဦး ကုန်ကျစရိတ်လုံလောက်စွာမရှိခြင်း၊ နည်းပညာမရှိခြင်း၊	ပညာရေးဦးစီးဌာနသို့ ရန်ပုံငွေရရှိနိုင်ရေး တင်ပြတောင်းခံ၍ ကျေးရွာ လုပ်အားများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။	ကျေးရွာမိဘဆရာကော်မတီဖွဲ့စည်းထားရှိပြီး ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် ခန့်မှန်းကုန်ကျစရိတ်တွက် ချက်ခြင်း၊ ပညာရေးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

လောင်ငေါက်ကျေးရွာ အိမ်ထောင်စု ဓနအဆင့်သတ်မှတ်ခြင်း

စဉ်	အိမ်ထောင်ဦးစီး	အဆင့်
၁	ဦးမွန်	A
၂	ဦးကိုင်လီ	B
၃	ဦးထွန်း	C
၄	ဦးအလွန်	A
၅	ဦးပါးဟင်း	B
၆	ဒေါ်အီကွေ	C
၇	ဒေါ်အီကွေး	C
၈	ဦးပါမူ	B
၉	ဦးကိုင်လီ	C
၁၀	ဦးအားလီ	A
၁၁	ဦးပါမွန်	C
၁၂	ဦးအကွေး	B
၁၃	ဦးလစ်ကန်	D
၁၄	ဦးဟာမီ	C
၁၅	ဦးတာမိုး	A
၁၆	ဦးလန်းငွေ	D
၁၇	ဦးဘဉူး	C
၁၈	ဦးသာမိုး	D
၂၀	ဦးသာထင်	B
၂၁	ဦးဝမ်	C
၂၂	ဦးလောင်ငန်း	D
၂၃	ဦးမိချန်	B
၂၄	ဦးခါနူး	C
၂၅	ဦးပါကြောင်း	D
၂၆	ဦးထွန်းခေါင်	C
၂၇	ဦးပါးလန်	D
၂၈	ဦးအလွန်	D

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၈	၁၂	၂၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၂၀	၃၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၃	၂၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၈	၂၆	၇၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၁	၂
စုစုပေါင်း		၉၄	၇၅	၁၆၉
စုစုပေါင်း အိမ်ထောင်စု				၂၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၈)ရှိပြီးကျား (၉၄)ဦး၊မ(၇၅)ဦး ရှိသည့်အတွက်ကျားလူဦးရေထက်မလူဦးရေအနည်းငယ်များကြောင်းတွေ့ရှိရပါသည်။ နို့စိုးအရွယ်နှင့်သက်ကြီးရွယ်ကြီး လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၅%)ယောက်ရှိပြီး တစ်အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေ (၅%) ယောက်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၇၄	၀	မြင့် ☑ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၇၄	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၂၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐ လတ် ☐ နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐ လတ် ☐ နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် တောင်ယာလုပ်ငန်း တောင်ယာ (စပါး)ကိုသာ အဓိကထားဆောင်ရွက်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် (ရာသီအလိုက်) ကျပန်းလုပ်ငန်း များ၊ ငါးဖမ်းခြင်းလုပ်ငန်းများအနည်းငယ်လုပ်ကိုင်ကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၀	၈၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် နေ့စားလုပ်ငန်းဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့် အလမ်းအလွန် နည်းပါးပြီး ကျား/မ လုပ်အားခရရှိငွေ တူညီမှု မရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၇.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၈၀.၀၀	ကောင်း ☑ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၈.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၈၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် လယ်မြေအနည်းငယ်ရှိပြီး၊ တောင်ယာမြေကိုသာ အဓိကထားစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☑ သင့် ☐ နည်း☐ မရှိ☐	လွယ်☐ခက်☑အသုံးမပြုနိုင်ပါ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐သင့်☑ နည်း☐ မရှိ☐	လွယ်☑ခက် ☐ အသုံးမပြုနိုင်ပါ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐သင့် ☑နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ကျောက်၊ သဲ၊ ကျောက်စရစ်များ အသင့်အတင့်ရှိပြီး အသုံးပြုနိုင်ရန် အနည်းငယ်ခက်ခဲပါသည်။ ကျေးရွာ၏ အနီးအနာတွင် အပင်မျိုးစိတ် များစွာရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
		ကောင်း		
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၆	၁၀	၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် ဈေးရောင်းဈေးဝယ်ဖြင့် အဆင်ပြေသောအိမ်ထောင် စု(၅)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၇)စုရှိပြီး၊ မပြေလည်သောအိမ်ထောင်စုပိုမိုများပြားစွာ ရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀အစာလျှော့စား= ၀အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။(၃)လအောက်နှင့် (၃)လလျှင် (၆)လကြား တစ်နေ့လျှင် (၂)နပ်စားသော အိမ်ထောင်စုမရှိကြောင်းတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် ကျေးရွာမှစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်နှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုမရှိကြောင်းတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်၊ အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်၊အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် လောင်ငေါက်ချောင်းရှိသောကြောင့် လယ်ယာစိုက်ပျိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ပါကအလားအလာကောင်းများရှိကြောင်း၊ အခြားစိုက်ပျိုးသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းမည့် အလားအလာကောင်းသော စိုက်ပျိုးမြေများကို ပိုင်ဆိုင်ထားကြောင်းနှင့် ယင်းထွက်ကုန်များကို လဟယ်မြို့၌ အနီးတဝန်းနယ်များသို့ ပို့ချရောင်းချနိုင်မည်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း ကောင်းမွန်သော အနေအထားရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာများဖြင့်သာ စိုက်ပျိုးရေး လုပ်ငန်းများဆောင် ရွက်ကြသဖြင့်ဆင်းရဲသောအိမ်ထောင်များရှိပြီးလက်လုပ်လက်စားများ/ ကျပန်လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု များစွာရှိကြောင်းတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နို

	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	ငှမူ (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၄	၃	၇	ပညာရေး ☑ငွေကြေး ☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရပ်မိရပ်ဖ	၁ ☐ ၂ ☑ ၃ ☐	၅	၂	၇	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း☐ သင့် ☑ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ငွေကြေး☐ကျန်း မာရေး☐ဘာသာရေး☐စိုက်ပျိုး မွေးမြူရေး☐သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ငွေကြေး☐ကျန်း မာရေး☐ဘာသာရေး☐စိုက်ပျိုး မွေးမြူရေး☐သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လူငယ်အဖွဲ့နှင့် ရပ်မိရပ်ဖ များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်လျှက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြင်ပအဖွဲ့ အစည်း များ မရှိကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လောင်ငေါက်ကျေးရွာတွင်(၂.၅)ဧကအောက်ရှိသော အိမ်ထောင်စု(၂၈)စု၊ရှိကြောင်း တွေ့ရှိ ရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐မရှိ ☐မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐မရှိ ☐မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐မရှိ ☐မဖြေဆိုပါ☑

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ ☑	ရှိ □မရှိ □မဖြေဆိုပါ☑
၆	လက်ငင်း ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ ☑	ရှိ □မရှိ □မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ ☑	ရှိ □မရှိ □မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ရာသီအလိုက် □ မဖြေဆိုပါ ☑	ရှိ □မရှိ □မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရေအရင်းအမြစ်နှင့် စိုက်ပျိုးသော ရေသွင်းဧရိယာမရှိကြောင်းတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
တောင်ယာစပါး	၁၈၀	တင်း	၂၀	၃၀	၂၅	ဇူလိုင်	ဒီဇင်ဘာ	မြင့်□လတ်☑ နိမ့်□	မြင့် □လတ်□နိမ့်☑
လယ်စပါး	၇	တင်း	၂၀	၃၀	၂၅	မေ	နိုဝင်ဘာ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□
